# Centrepay

**ပုဂ္ဂိုလ် ၁-** သင့်ငွေတောင်းခံလွှာတွေကို သင် စီမံဖို့နှင့် ပေးချေဖို့ ကူညီပေးမယ့် အခမဲ့ ဝန်ဆောင်မှု Services Australia မှာရှိတာကို သိပါသလား။

**ပုဂ္ဂိုလ် ၂- မသိပါဘူး၊ ဘယ်လိုခေါ် ပြီး ဘယ်လိုလုပ်ပါသလဲ။**

**ပုဂ္ဂိုလ် ၁-** ခေါ်တာက Centrepay လို့ခေါ်တယ်။ အဲ့ဒါဟာ အခမဲ့ဖြစ်ပြီးတော့ ဆန္ဒအလျောက် ငွေတောင်းလွှာ ပေးချေတဲ့ ဝန်ဆောင်မှု ဖြစ်ပါတယ်။ သင့် ငွေတောင်းခံလွှာတွေကို ပေးချေဖို့အတွက် Centrelink ထောက်ပံ့ကြေးငွေထဲက နှစ်ပတ်တစ်ခါ ငွေနည်းနည်း ဖြတ်တောက်ထားခိုင်းနိုင်တယ်။

**ပုဂ္ဂိုလ် ၂- Centrepay က ဘယ်လိုကူညီမှာလဲ။**

**ပုဂ္ဂိုလ် ၁-** Centrepay ဟာ သင့်ရဲ့ပုံမှန် အိမ်ထောင်စု ကုန်ကျစရိတ်တွေကို စီမံဖို့နဲ့ ပေးချေဖို့အတွက် အလွန်ကောင်းတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်၊ အဲဒါတွေဟာ-

- အိမ်လခ
- တယ်လီဖုန်း
- လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေ
- ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုတွေ
- ကလေးထိန်းခတွေ
- ကျောင်းလခတွေ၊ နှင့် အခြား ငွေတောင်းခံလွှာ အတော်များများ ဖြစ်ပါတယ်။

Centrepay က သင့်ရဲ့ငွေတောင်းခံလွှာတွေကို အချိန်မှီ ပေးချေဖို့ ကူညီလုပ်ပေးပါတယ်။ သင် ဆုံးဖြတ်ရမှာက-

- ငွေတောင်းခံလွှာတွေကို Centrepay တစ်ဆင့် ပေးချေဖို့
- သင့် Centrelink ထောက်ပံ့ကြေးထဲက နှစ်ပတ်တစ်ခါ ငွေဘယ်လောက် ဖြတ်တောက်ဖို့။

သင် ဖြတ်တောက်ခိုင်းနိုင်တဲ့ အနည်းဆုံး ငွေပမာဏက နှစ်ပတ်တစ်ခါ $10 ဖြစ်ပါတယ်။

သင့်အနေနဲ့ အတည်ပြုထားတဲ့ စီးပွားလုပ်ငန်းတွေက ပို့ချတဲ့ ကုန်စည်နှင့် ဝန်ဆောင်မှုတွေအတွက်သာ Centrepay ကို အသုံးပြုနိုင်ပါတယ်။

**ပုဂ္ဂိုလ် ၂- အတည်ပြုထားတဲ့ စီးပွားလုပ်ငန်းကို ဘယ်လိုရှာရမှာလဲ။**

**ပုဂ္ဂိုလ် ၁-** သင့်အနေနဲ့ ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်မှာရှိတဲ့ **စီးပွားလုပ်ငန်း ဒါမှမဟုတ် အဖွဲ့အစည်း ရှာတဲ့** ရှာဖွေကိရိယာကို သင့် နယ်မြေမှာရှိတဲ့ စီးပွားလုပ်ငန်းတွေကို ရှာဖို့ သုံးနိုင်ပါတယ်။ အဲ့ဒီမှာ Centrepay ကိုသုံးဖို့ အတည်ပြုထားတဲ့ စီးပွားလုပ်ငန်းတွေကို စာရင်းပြုစုထားပါတယ်။

တကယ်လို့ သင် ပေးချေလိုတဲ့ စီးပွားလုပ်ငန်း ဒါမှမဟုတ် ပုဂ္ဂိုလ်က စာရင်းမှာ မရှိရင် သူတို့ကို ဆက်သွယ်ပါ။ Centrepay ကိုသုံးပြီး ပေးချေတာကို လက်ခံ နိုင်မနိုင် သူတို့ကို မေးပါ။ တကယ်လို့ သူတို့ လက်မခံနိုင်ရင် ပါဝင်ပေးဖို့ စဉ်းစားပါလို့ သူတို့ကိုပြောပါ။

**ပုဂ္ဂိုလ် ၂- Centrepay ဖြတ်တောက်ငွေကို ကျွန်ုပ် ဘယ်လိုဖြတ်ခိုင်းရမှာလဲ။**

**ပုဂ္ဂိုလ် ၁-** သင် Centrepay ဖြတ်တောက်ငွေကို အချိန်မရွေး အောက်ပါနည်းနဲ့ စလုပ်နိုင်တယ်၊ ပြောင်းလဲနိုင်တယ်၊ စိစစ်နိုင်တယ် ဒါမှမဟုတ် ရပ်ဆိုင်းခိုင်းနိုင်ပါတယ်။

- သင် ပေးချေလိုတဲ့ စီးပွားလုပ်ငန်းကို သင့်အတွက် လုပ်ပေးပါလို့ မေးပါ
- သင့်ရဲ့Centrelink အွန်လိုင်း စာရင်းကို myGov မှတစ်ဆင့် သုံးပါ
- Express Plus Centrelink အက်ဖ် ကို သင့် မိုဘိုင်းဖုန်းကနေ သုံးပါ
- ဝန်ဆောင်ဌာနသို့ သွားရောက်ပါ
- သင့် စကားနဲ့ တစ်ယောက်ယောက်ကို ပြောဆိုဖို့ ကျွန်ုပ်တို့ကို ဖုန်း**131 202** ဖြင့် ဆက်သွယ်ပါ။

**ပုဂ္ဂိုလ် ၂- Centrepay အကြောင်း ဘယ်နေရာမှာ ပိုသိနိုင်သလဲ။**

**ပုဂ္ဂိုလ် ၁-** သင် အင်္ဂလိပ်စာနဲ့ **servicesaustralia.gov.au/centrepay** ဝက်ဘ်ဆိုက်မှာ ပိုသိနိုင်တယ် ဒါမှမဟုတ် သင့် စကားနဲ့ ဖုန်း **131 202** ကိုခေါ်ဆိုပြီး တစ်ယောက်ယောက်နဲ့ စကားပြောပါ။ အဲ့ဒီဖုန်းနံပတ် ထပ်ပြောမယ် – **131 202**ဖြစ်ပါတယ်။

ဖုန်းကုမ္ပဏီအပေါ်မူတည်ပြီး ဖုန်းခေါ်ခတွေ အမျိုးမျိုး ရှိနိုင်ပါတယ်။ အများသုံး ဖုန်းတွေနဲ့ မိုဘိုင်းဖုန်းတွေကနေ ခေါ်တဲ့ ဖုန်းခေါ်ခတွေ ပိုမို ဈေးကြီးနိုင်ပါတယ်။

# တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များ သည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထား လိုမလို နှင့် သင်၏ သီးခြား အခြေအနေများအပေါ်မူတည်၍ လျှောက်လွှာတင်သွင်း လိုမလို ဆုံးဖြတ်ရန် သင့်တာဝန်သာဖြစ်သည်။

# Centrepay

**Person 1:** Did you know Services Australia has a free service to help you manage and pay your bills?

**Person 2: No, what is it called and how does it work?**

**Person 1:** It is called Centrepay. It is a free and voluntary bill paying service. You can choose to have small amounts of money deducted from your Centrelink payments each fortnight to pay your bills.

**Person 2: How can Centrepay help me?**

**Person 1:** Centrepay is a great way to manage and pay your regular household expenses, like:

- rent
- telephone
- electricity, gas and water
- medical services
- child care fees
- school fees, and many other bills.

Centrepay helps you pay your bills on time. You decide:

- the bills to pay through Centrepay
- how much to deduct from your Centrelink payments each fortnight.

The lowest amount you can deduct is $10 per fortnight.

You can only use Centrepay for goods and services provided by approved businesses.

**Person 2: How do I find an approved business?**

**Person 1:** You can use the **find a business or organisation** search tool on our website to search for businesses in your area. It lists businesses approved to use Centrepay.

If a business or person you want to pay is not on the list, contact them. Ask them if they accept payments using Centrepay. If they do not, ask them to consider joining.

**Person 2: How do I set up a Centrepay deduction?**

**Person 1:** You can start, change, check or stop a Centrepay deduction at any time by:

- asking the business you want to pay, to set it up for you
- using your Centrelink online account through myGov
- using the Express Plus Centrelink app on your mobile device
- visiting a service centre
- calling us on **131 202** to speak to someone in your language.

**Person 2: Where can I find out more about Centrepay?**

**Person 1:** You can find out more in English at **servicesaustralia.gov.au/centrepay** or call **131 202** to speak to someone in your language. That number again – **131 202**.

Call charges may vary depending on the telephone service provider. There may be higher call charges from public telephones and mobile phones.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.